**MTSH Myanmar Thilawa SEZ Holdings Public Limited**

Rooftop Floor, UMFCCI Office Tower, No.29, Min Ye Kyaw Swar Street, Lanmadaw Township, Yangon, Myanmar.

ရက်စွဲ။ ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ( ၁၆ ) ရက်

**ပဉ္စမအကြိမ်မြောက်နှစ်ပတ်လည်အထွေထွေအစည်းအဝေးကျင်းပမည့်ရက် ပြောင်းလဲသတ်မှတ်ခြင်းအား အသိပေးကြေညာခြင်း**

မြန်မာသီလဝါအက်(စ်)အီးဇက်ဟိုး(လ်)ဒင်း(စ်)ပက်ဘလစ်လီမိတက်၏ ဒါရိုက်တာအဖွဲ့အနေဖြင့် ပဉ္စမအကြိမ်မြောက်နှစ်ပတ်လည်အထွေထွေအစည်းအဝေးကို မူလကျင်းပရန်ရည်ရွယ်ထားသည့် ၂၀၁၈ခုနှစ်၊ စက်တင်ဘာလ (၁၅)ရက်မှ ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ (၂၉)ရက်သို့ ပြောင်းလဲကျင်းပရန်ဆုံးဖြတ်ကြောင်း ရင်းနှီးမြှုပ်နှံသူများနှင့် အစုရှယ်ယာရှင်များသို့ ၂၀၁၈ ခုနှစ်၊ ဇူလိုင်လ (၂၉)ရက်တွင် ကျင်းပပြုလုပ်ခဲ့သည့် ဒါရိုက်တာအဖွဲ့အစည်းအဝေးအရ အသိပေးကြေညာအပ်ပါသည်။ အဆိုပါနှစ်ပတ်လည်အထွေထွေအစည်းအဝေး ကျင်းပမည့်ရက် ပြောင်းလဲသတ်မှတ်ရခြင်းမှာ ကုမ္ပဏီ၏လက်ရှိ သင်းဖွဲ့မှတ်တမ်းနှင့်သင်းဖွဲ့စည်းမျဉ်းတို့အား ၂၀၁၇ခုနှစ်တွင် ပြဋ္ဌာန်းလိုက်သည့် မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေအသစ်နှင့် အညီပြောင်းလဲ သတ်မှတ်နိုင်ရေးအတွက် ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်ထားသောနမူနာဖွဲ့စည်းပုံအခြေခံစည်းမျဉ်းအား ဖတ်ရှုလေ့လာခြင်း၊ အသစ်ပြင်ဆင်ရေးဆွဲမည့်ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းအားအစုရှယ်ယာရှင်များထံ အဆိုပြုရန်ဆောင်ရွက်ခြင်းတို့ကြောင့် ဖြစ်ပါသည်။

ကုမ္ပဏီ၏ အမြတ်ဝေစုခံစားခွင့်ရရှိရန်သတ်မှတ်သည့်နေ့၊ အစုရှယ်ယာမှတ်ပုံတင်စာရင်း (Members of Register)နှင့် အမြတ်ဝေစုခံစားခွင့်ရှိသည့် အစုရှယ်ယာရှင်များ၏ အမြတ်ဝေစုပမာဏတို့အား ပြောင်းလဲသတ်မှတ်ခြင်းမရှိပါ။ သို့ဖြစ်ပါ၍ အမြတ်ဝေစုခွဲဝေပေးမည့်နေ့ကို အစုရှယ်ယာရှင်များမှ အတည်ပြုပြီးသော ပဉ္စမအကြိမ်မြောက်နှစ်ပတ်လည်အထွေထွေအစည်းအဝေးကျင်းပပြီးသည့်နောက်တွင် အသိပေးကြေညာသွားမည်ဖြစ်ပါသည်။

ဒါရိုက်တာအဖွဲ့မှ ပဉ္စမအကြိမ်မြောက်နှစ်ပတ်လည်အထွေထွေအစည်းအဝေး ကျင်းပမည့်ရက်ပြောင်းလဲသတ်မှတ်ခြင်းအား ကုမ္ပဏီနှင့် အစုရှယ်ယာရှင်များအပါအဝင် အခြားသောရင်းနှီးမြှုပ်နှံသူများပါ အကျိုးရှိမည်ဟုယုံကြည်ပါသဖြင့် ယင်းပြောင်းလဲသတ်မှတ်ခြင်းနှင့်ပတ်သက်၍ အဆင်မပြေမှုတစ်စုံတစ်ရာဖြစ်ပေါ်ခဲ့ပါက နားလည်မှုပေးနိုင်ကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။ အသေးစိတ်ကြေညာချက်များကိုလည်း အချိန်နှင့်တပြေးညီလျော်ညီစွာ ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**အောင်စိုးသာ**

**အုပ်ချုပ်မှုဒါရိုက်တာ**